# မြက်မုန်ညင်းဥနက်

Scientific name - *Cyperus rotundus* L.

Common name - Purple nut sedge

Family - Cyperaceae







အပင်ပုံသဏ္ဍာန်

ရှင်သန်နိုင်စွမ်းအားမြင့်မားသော နှစ်ရှည်ခံမုန်ညင်းမျိုးဖြစ်ပြီး အမြစ်သည် မြစ်မွှာစနစ်ဖြစ်သည်။ ဥနှင့်မြေအောက်ပင်စည်များ ဆက်တွဲ၍တွေ့ရသည်။ ပန်းပွင့်နေသော ပင်စည်သည် ၆ဝ စင်တီမီတာအထိ ရှည်သည်။ မြေပေါ်ပိုင်းပင်စည်သည် ထောင်မတ်ပြီး ကိုင်းမဖြာပေ။ ပွင့်ကိုင်းရိုးတံသည် ချောမွေ့ပြီးတြိဂံပုံရှိသည်။ မြေအောက်ပိုင်းပင်စည်သည် ဘေးသို့ဖြာထွက်သည်။ ပန်းခိုင်သည် ရင်းတူထိပ်ညီပန်းခိုင်ဖြစ်သည်။ တစ်ပင်မှ မြစ်ဥအမြောက်အမြားထုတ်နိုင်ပြီး မြစ်ဥသည် အညိုရင့် ရောင်သို့မဟုတ် အနက်ရောင်ရှိပြီးပုံမမှန်ဖြစ်သည်။ အသီး သို့မဟုတ် အစေ့သည်လည်း အညိုရင့်ရောင်သို့မဟုတ် အနက်ရောင်ရှိသည်။ မြေလျှောက်ပင်စည်၊ မြစ်ဥနှင့် အစေ့များအားဖြင့်မျိုးပွားသည်။